# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်စျေးကွက်သတင်းလွှာ

myantrade

October 14, 2020 Volume 36, Number 10


**၁၄.၁၀.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၁၈၉၆ US$ |
| မြန်မာ့ရွှေစျေး | = ၁၃၁၂၀၀၀ |
| ဒေါ်လာစျေး | = ၁၃၃၁/- ကျပ် |
| CBM Rate | = ၁၃၁၄.၄ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၄၃.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၆၈.၈၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၉၆.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၄၃.၄၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၅.၂၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၇.၉၅၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၈၄ ကျပ် |
| မလေးရှားရင်းဂစ် | =၃၁၆.၈၄ ကျပ် |
| ၂ ထိုင်းဘတ်တစ်ဘတ် | =၄၂.၁၈၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ဝ၁-၃၇၁၂ဝ၃
ဝ၁-၃၇၆၄၁၆
ဝ၁-၃၇၆၄၉ဝ
ဖက်စ် ဝ၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အချက်အချာကျပြီး အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်လာပြီဖြစ်သဖြင့် ရင်းနှီးမြှုပ်နှံမည့်သူများအတွက် အခွင့်အခါကောင်းဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးပြောကြား




မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အချက်အချာကျပြီး အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်လာပြီဖြစ်သဖြင့် ရင်းနှီးမြှုပ်နှံမည့်သူများအတွက် အခွင့်အခါကောင်းဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြောကြားသည်။ အောက်တိုဘာ ၁၂ ရက်က ဂျပန်နိုင်ငံ Ministry of Economy, Trade and Industry (METI) မှ ကြီးမှူး၍ Online ဖြင့် ပြုလုပ်သည့် 9th LNG Producer Consumer Conference ၌ ပြည်ထောင်စုဝန်ကြီးက ယင်းကဲ့သို့ ထည့်သွင်းပြောကြားခဲ့ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရသိရသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အချက်အချာကျပြီး အခြေခံအဆောက်အအုံများ (လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး၊ Mobile Phone & Internet Facility စသည့်) တို့ ပိုမိုကောင်းမွန်တိုးတက်လာပြီဖြစ်ပါသဖြင့် ရင်းနှီးမြှုပ်နှံမည့်သူများအတွက် အခွင့်အခါကောင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အားသုံးစွဲမှု၏ ၅၄ ရာခိုင်နှုန်းကို လျှပ်စစ်ဓာတ်အားပေးနိုင်ခဲ့ပြီး၊ ၂၀၂၅ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်းအထိ တိုးတက်ဖြန့်ဖြူးပေးနိုင်ရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိကြောင်း၊ ယခု Conference မှတစ်ဆင့် LNG ထုတ်လုပ်သူ နှင့် သုံးစွဲသူများအကြား ပိုမိုကောင်းမွန်သော အခွင့်အလမ်းများ၊ အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများကို ဖော်ဆောင်နိုင်သွားမည်ဟု ယုံကြည်ကြောင်းပြောကြားသည်။

ယခုကဲ့သို့ COVID-19 ကပ်ရောဂါ ထိန်းချုပ်မှုကာလအတွင်း 9th LNG Producer Consumer Conference အား အောင်မြင်စွာကျင်းပနိုင်ခြင်းအတွက် ဂျပန်နိုင်ငံအစိုးရနှင့် METI မှ ဝန်ကြီး Mr. Kajiyama Hiroshi ၎င်းတို့နှင့်အတူ ပူးပေါင်းစီစဉ်သူများအားလုံးကို ချီးကျူးဂုဏ်ပြုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပထမဦးဆုံး ၇၅ဝ မဂ္ဂါဝပ် LNG to Power Plant အား ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် စတင် ဓာတ်အားထုတ်လုပ်နိုင်ရန်စီမံခဲ့သော်လည်း COVID-19 ကပ်ရောဂါကြောင့်

ကြန့်ကြာမှု အနည်းငယ်ဖြစ်ပေါ်ခဲ့သဖြင့် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာတွင်မှသာ ဓာတ်အား စတင်ထုတ်လုပ်နိုင်ခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

မြန်မာနိုင်ငံ၏ Generation Mix တွင် ယေဘုယျအားဖြင့် ရေအားမှ ရာခိုင်နှုန်း ၅၀ နှင့် သဘာဝဓာတ်ငွေ့မှ ရာခိုင်နှုန်း ၅၀ ရှိကြောင်း၊ သို့သော် ကမ္ဘာကြီးပူနွေးလာမှု၏ အကျိုးသက်ရောက်မှုကြောင့် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများမှ ဓာတ်အား ထုတ်လုပ်မှုကျဆင်းလာသကဲ့သို့ အခြားတစ်ဖက်တွင်လည်း ပြည်တွင်းသဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်မှု ကျဆင်းလာကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ တိုးမြင့်လာသည့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို အချိန်တိုအတွင်း ဖြည့်ဆည်းပေးနိုင်ရန်အတွက် LNG to Power စီမံကိန်းများကို Development Partners နှင့် Investors များ၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါစီမံကိန်းများကို ထိရောက်စွာအကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန် LNG Task Force ကို ဖွဲ့စည်းခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ အနာဂတ်စွမ်းအင် လုံခြုံစိတ်ချရမှု (Energy Security) အတွက် Clean Fuel ဖြစ်သည့် LNG Option သည် ရေအား၊ သဘာဝဓာတ်ငွေ့၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်တို့နှင့်အတူ တစ်ခုအပါအဝင် ဖြစ်ကြောင်း၊ အဆိုပါ LNG စီမံကိန်းများမှတစ်ဆင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအပြင် စက်မှုလုပ်ငန်းများနှင့်ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သောသဘာဝဓာတ်ငွေ့ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

**Source:** https://news-eleven.com/article/195461

## တရုတ်နိုင်ငံသို့ ဆန်တင်ပို့ချိန် ပိုမိုကြာမြင့်လာသော်လည်း တစ်ရက်လျှင် တွဲကားအစီးရေ ၂၀ ခန့်တင်ပို့နေ



မန္တလေးမှ မူဆယ်သို့ ကုန်တင်ပို့ရာ လမ်းတစ်လျှောက်ရှိ ဂိတ်များ၌ ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်နေခြင်းနှင့် တရုတ်နိုင်ငံသို့ ယာဉ်မောင်း လဲလှယ်သည့်စနစ်ဖြင့် တင်ပို့နေရခြင်းတို့ကြောင့် တရုတ်နိုင်ငံသို့ ဆန်နှင့် ဆန်ကွဲ တင်ပို့ချိန်ပိုမိုကြာမြင့်လာသော်လည်း တစ်ရက်လျှင် တွဲကားအစီးရေ ၂၀ ခန့်တင်ပို့နေကြောင်း မူဆယ်ဆန်ကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသန်း ၏ ပြောပြချက်အရသိရသည်။

COVID 19 ရောဂါကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် မန္တလေးမှမူဆယ်သို့သွားရာလမ်းပိုင်း၌ ဂိတ်ငါးဂိတ်မှ ကုန်တင် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်နေသောကြောင့် ယခင်က မန္တလေးမှမူဆယ်သို့ သုံးရက်သာမောင်းနှင်ရသော်လည်း လက်ရှိတွင် ခြောက်ရက်အထိ ကြာမြင့်မှသာ ရောက်ရှိကြောင်းသိရသည်။ "တရုတ်နိုင်ငံကို တင်ပို့ဖို့ မူဆယ်မြို့ထဲမှာတင် သုံးရက်လောက်တန်းစီရတယ်။ မန္တလေးမြို့ကနေ တရုတ်နိုင်ငံကို ရောက်ဖို့က အစအဆုံးဆိုရင် ၁၀ ရက်လောက်ကြာတယ်။ ရက်တွေကြာတော့ အရင်အတိုင်းပဲ အခက်အခဲရှိသေးတယ်။ ယာဉ်မောင်းအစားထိုးရတာကလည်း ရှိသေးတယ်"ဟု ဦးမင်းသိန်းကပြောသည်။ အောက်တိုဘာ ၁၃ ရက်တွင် မူဆယ်သို့ မြန်မာနိုင်ငံအထက်ပိုင်းမှ ဆန်နှင့် ဆန်ကွဲ အိတ်ရေ ၁၄၀၀၀ ခန့်ပါရှိသည့် ကုန်တင်ယာဉ်အစီးရေ ၂၀ ခန့်ဝင်ရောက်ပြီး တရုတ်နိုင်ငံသို့ တွဲကားအစီးရေ ၂၀ ခန့် ဖြင့် ပြန်လည်တင်ပို့နေကြောင်းသိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံအောက်ပိုင်း၌ ဆန်သစ်များ စတင်ထွက်ပေါ်နေပြီး လာမည့်လအတွင်း အများအပြား ထွက်ပေါ် လာမည်ဖြစ်ရာ ဈေးကွက်ပိုမိုကောင်းမွန်လာနိုင်ကြောင်း၊ မူဆယ်ပေါက်ဈေးအရ အောက်တိုဘာ ၁၃ ရက်တွင် ကီလို ၅၀ ဆန်ကွဲ တစ်အိတ်လျှင် ယွမ် ၁၂၀၊ မနောသုခတစ်အိတ်လျှင် ယွမ် ၁၂၀၊ နံ့ကောက်နှင့် ငစိန်တစ်အိတ်လျှင် ယွမ် ၁၃၀ အထိ ဈေးနှုန်း ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/2962

## ကိုဗစ်ကြောင့် ပြည်နယ် ၁၀ ခုရှိ ထိုင်း-မြန်မာ နယ်စပ်ဂိတ်များကို ထိုင်းက ပိုမိုတင်းကျပ်မည်



ထိုင်းနိုင်ငံ၊ တာ့ခရိုင်၊ မဲဆောက်မှတစ်ဆင့် ဝင်ရောက်လာသော မြန်မာနိုင်ငံသား ကုန်တင်ယာဉ်မောင်းသုံးဦးတွင် COVID-19 ရောဂါ ကူးစက်နေကြောင်း တွေ့ရှိခဲ့ရပြီးနောက် ထိုင်း၏ပြည်နယ် ၁၀ ခုရှိ နယ်စပ် စစ်ဆေးရေးဂိတ်များကို ပိုမိုတင်းကျပ်တော့မည်ဖြစ်ကြောင်းသိရသည်။

ထိုင်း-မြန်မာနယ်စပ်ဂိတ်များကို ပိုမိုတင်းကျပ်မည့် ပြည်နယ်များမှာ ကန်ချနဘူရီ၊ ချုံဖွန်၊ ချင်းရိုင်၊ ချင်းမိုင်၊ တာ့ခ်၊ ပရာချွတ် ခီရိခန်၊ ဖက်ချာဘူရီ၊ မယ်ဟောင်ဆောင်၊ ရနောင်းနှင့်ရတ်ချာဘူရီ ပြည်နယ်တို့ဖြစ်ကြောင်း COVID-19 အခြေအနေ ထိန်းချုပ်ရေး စင်တာက The Nation သတင်းစာကို အောက်တိုဘာလ ၁၂ ရက်နေ့က ပြောထားသည်။ ပြည်နယ်အစိုးရများနှင့် ဒိစတြိတ်အကြီးအကဲများအနေဖြင့် အခြေအနေကို တင်းကျပ်စွာ စောင့်ကြည့်ရန် ထိုင်းပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ချတ်ချိုင်းဖရွန်လတ်က တာဝန်ပေးထားကြောင်းသိရသည်။

မဲဆောက်တွင် COVID-19 ရောဂါပိုးတွေ့သည့် မြန်မာယာဉ်မောင်း သုံးဦးနှင့် ထိတွေ့ခဲ့သူများကို ရောဂါ ကူးစက်ခြင်း ရှိ မရှိ စစ်ဆေးမှုများ တိုးတက်မှုရှိနေသည်ဟု ထိုင်းရောဂါထိန်းချုပ်ရေးဌာန (DDC) က The Nation သတင်းစာသို့ ပြောသည်။ DDC ၏ အထွေထွေကူးစက်ရောဂါများထိန်းချုပ်ရေးဗျူရိုမှ ညွှန်ကြားရေးမှူး ဒေါက်တာဆိုပွန်အီယန်ဆီရီထာဝန်က မြန်မာယာဉ်မောင်း သုံးဦးနှင့်ထိတွေ့ခဲ့သူ ၇၄ ဦးစလုံးကို စစ်ဆေးပြီးဖြစ်ပြီး COVID-19 ရောဂါ ကူးစက်ခြင်းမရှိကြောင်း၊ ၎င်းတို့ကို ဆက်လက်၍ ၁၄ ရက် သီးခြားခွဲနေရသည့် ကွာရန်တင်းထားရှိကြောင်းပြောသည်။

မြန်မာနိုင်ငံတွင် ဒုတိယအကျော့ COVID-19 ရောဂါ ဖြစ်ပွားမှုများ စတင်လာပြီးနောက် နယ်စပ်မှတစ်ဆင့် ကူးစက်မှုများကို တားဆီးနိုင်ငံရန် မဲဆောက်မြို့တွင် ရွှေ့လျားစစ်ဆေးရေးအဖွဲ့သုံးခုက ထိုင်းနှင့်နိုင်ငံခြားသား ၁၅၀၀ ခန့်ကို ကျန်းမာရေး စစ်ဆေးပေးခဲ့ပြီးဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံးတွင် အောက်တိုဘာလ ၁၂ ရက်နေ့ ည ၈ နာရီက ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ COVID-19 ရောဂါ ကူးစက်သူ ၂၉၃၁၄ ဦး၊ ဆေးရုံဆင်းခွင့်ရရှိသူ ၁၀၂၆၀ ဦး၊ သေဆုံးသူ ၆၆၄ ဦး ရှိကြောင်းသိရသည်။

**Source:** https://www.mizzimaburmese.com/article/74437

## ထိုင်းဘဏ် SCB က ဒေါ်လာသန်း ၁၅၀ ရင်းနှီးမြှုပ်နှံပြီး မြန်မာတွင် လက်အောက်ခံဘဏ်ကုမ္ပဏီထူထောင်




SCB သည် ၂၀၂၀ ဧပြီတွင် ဗဟိုဘဏ်ကခွင့်ပြုထားသည့် ဘဏ်ကုမ္ပဏီ ဖွင့်ခွင့်ရတစ်ခုတည်းသော ထိုင်းဘဏ်ဖြစ်သည်။ ဗဟိုဘဏ်အသိအမှတ်ပြု လိုင်စင်ရထားသည့် ထိုင်း Siam Commercial Bank (SCB)သည် မြန်မာ နိုင်ငံတွင် လက်အောက်ခံဘဏ်ကုမ္ပဏီကို ထူထောင်လိုက်ပြီဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၏စာရင်းများတွင် ဖော်ပြထားသည်။ အဆိုပါထိုင်းဘဏ်သည် Siam Commercial Bank Myanmar Ltd (SCBM)အမည်ဖြင့် ဒေါ်လာ သန်း ၁၅၀ ဖိုး ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပြီး ထိုင်း SCB က ရာခိုင်နှုန်းပြည့် ရှယ်ယာပိုင်ဆိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံမှလုပ်ငန်းလည်ပတ်ရာတွင် ထိုင်းနှင့်မြန်မာလုပ်ငန်းရှင်ကြီးများအတွက်ဦးတည်၍ ဘဏ်လုပ်ငန်း ဝန်ဆောင်မှု ပေးမည်ဖြစ်ပြီး လက်ရှိတွင်မိတ်ဖက်များလည်းရှိနေပြီဟု ထိုင်း SCB ဘဏ်တွဲဖက်ဥက္ကဋ္ဌက ဘန် ကောက်ပို့စ်တွင် ပြောကြားထား သည်။ SCB ဘဏ်သည် ၂၀၂၀ ဧပြီတွင်ဗဟိုဘဏ်က ခွင့်ပြုထား၍ ဘဏ်ကုမ္ပဏီ ဖွင့်လှစ်ခွင့်ရထားသည့် တစ်ခုတည်း သော ထိုင်းဘဏ်ဖြစ်သည်။ နိုင်ငံခြားဘဏ်ခုနစ်ခုကို နိုင်ငံခြားဘဏ်ခွဲလိုင်စင်နှင့် နိုင်ငံခြားဘဏ်ကုမ္ပဏီအဖြစ် ဖွင့်လှစ်ခွင့်ပြု လိုက်ကြောင်း ဗဟိုဘဏ်က ၂၀၂၀ ဧပြီက ထုတ်ပြန်ကြေညာခဲ့သည်။

ပြည်တွင်း၌ တတိယအကြိမ်မြောက် နိုင်ငံခြားဘဏ်ခွဲခွင့်ပြုခြင်းဖြစ်ပြီး နိုင်ငံခြားဘဏ်ခွဲ လိုင်စင်လေးခုနှင့် ဘဏ်ကုမ္ပဏီ သုံးခုကို ခွင့်ပြုလိုက်ခြင်းဖြစ်ကာ တိုင်ပေ၊ ဟောင်ကောင်၊ ကိုရီးယားနှင့်ထိုင်းနိုင်ငံတို့မှဖြစ်သည်။ ကိုရီးယားနိုင်ငံမှ Industrial Bank of Korea နှင့် KB Koomin Bank တို့ကို နိုင်ငံခြား ဘဏ်ကုမ္ပဏီဖွင့်လှစ်ခွင့်နှင့် Korea Development Bank ကို ဘဏ်ခွဲဖွင့်လှစ်ခွင့်ပြုခြင်းဖြစ်သည်။ တိုင်ပေဘဏ်နှစ်ခုဖြစ်သည့် Cathey United Bank နှင့် Mega International Bank တို့ကို ဘဏ်ခွဲလိုင်စင်အဖြစ်ခွင့်ပြုခြင်း ဖြစ်သည်။ ဟောင်ကောင်အခြေစိုက် Bank of China (Hongkong) ကို ဘဏ်ခွဲလိုင်စင် နှင့် ထိုင်းဘဏ် Siam Commercial Bank ကို ဘဏ်ကုမ္ပဏီအဖြစ် ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

လိုင်စင်ထုတ်ပေးပြီး ကိုးလအတွင်း ဘဏ်လုပ်ငန်းဆိုင်ရာ လုပ်ငန်းအဆိုပြုချက်ကို ဗဟိုဘဏ်သို့တင်ပြရမည်ဖြစ်သည်။ တတိယအကြိမ်အဖြစ် နိုင်ငံခြားဘဏ်များကိုခွင့်ပြုရာတွင် ဗဟိုဘဏ်က နိုင်ငံခြားဘဏ်များကို ဘဏ်ခွဲလိုင်စင်နှင့် လက်အောက်ခံ ဘဏ်ကုမ္ပဏီအဖြစ် ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

**Source: https://7day.news/detail?id=202000**

## အစိုးရမဖိတ်ခေါ်ဘဲ မိမိဆန္ဒဖြင့် တင်သွင်းမည့်စီမံကိန်းများ တင်ဒါခေါ်ယူမှု လုပ်ထုံးလုပ်နည်းများထုတ်ပြန်

အစိုးရက ဖိတ်ခေါ်ခြင်းမရှိဘဲ မိမိဆန္ဒအလျောက်တင်သွင်းမည့် စီမံကိန်းများအတွက် ယှဉ်ပြိုင်တင်ဒါခေါ်ယူမှု လုပ်ငန်းစဉ်၏ လုပ်ထုံးလုပ်နည်းများကို စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနက အောက်တိုဘာ ၁၂ ရက်တွင်ထုတ်ပြန်သည်။ ယှဉ်ပြိုင်တင်ဒါခေါ်ယူမှုလုပ်ငန်းစဉ်အရ ကျပ်သန်းနှစ် ထောင်ထက်ကျော်လွန်မည့် စီမံ ကိန်းများတွင်သာ အကျုံးဝင်မည် ဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနက အဆိုပြုလွှာကို ကနဦးစိစစ်သုံးသပ်ခြင်း၊ လုပ်ငန်းစဉ်ခွဲခြားသုံးသပ်ခြင်း၊ အဆိုပြုလွှာ လက်ခံစိစစ်ခြင်းအတွက် အခကြေးငွေပေးသွင်းခြင်းနှင့် Swiss Challenge ခေါ်ယူမည့်လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်သည်။

မိမိဆန္ဒအလျောက် တင်သွင်းမည့် စီမံကိန်း၏ အဆိုပြုလွှာကို ကနဦးစိစစ်သုံးသပ်ရာတွင် ငွေကြေးနှင့် လုပ်ငန်းအတွေ့အကြုံခိုင်မာမှု၊ စာရွက်စာတမ်းနှင့် သတင်းအချက်အလက်ပြည့်စုံမှုနှင့် နိုင်ငံတော်အတွက် အကျိုး ဖြစ်ထွန်းမှု ရှိ၊ မရှိ တို့ပါဝင်သည်။ စီမံကိန်းအဆိုပြုလွှာကိုတင် ဒါခေါ်ယူပါက Swiss Challenge တင်ဒါအရ ကျပ်သန်းနှစ်ထောင် အထက်ကျော်လွန်ပါက ပုဂ္ဂလိကနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးစင်တာ၏ အကြံဉာဏ်ကိုရယူ၍ Project Bank ၏ အတည်ပြုချက်ယူရန် သတ်မှတ်သည်။

Swiss Challenge ဆိုသည်မှာ ကုမ္ပဏီတစ်ခုကမိမိ လုပ်ကိုင်လိုသည့် စီမံကိန်းတစ်ခုကို အစ၊ အဆုံးအကုန်ကျခံ လေ့လာစစ်တမ်းပြုလုပ်၍ စီမံကိန်းပုံစံထုတ်ပေးရမည်ဖြစ်သည်။ ယင်းနောက် စီမံကိန်းပုံစံထွက်လာပါက အခြားကုမ္ပဏီများနှင့် အတူ ဈေးပြိုင်တင်ဒါယှဉ်ပြိုင် ရမည်ဖြစ်သည်။ အကယ်၍ ၎င်းက တင်ဒါအောင်မြင်မှုမရှိပါက တင်ဒါအောင်မြင်သည့် ကုမ္ပဏီက စီမံကိန်းပုံစံထုတ်ပေးခဲ့သည့် မူလကုမ္ပဏီ၏ ကုန်ကျစရိတ် ပြန်ပေးရမည်ဖြစ်သည်။

တင်ဒါစည်းမျဉ်းတွင်စီမံကိန်း၌ ဝင်ရောက်ယှဉ်ပြိုင်မည့် ပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းများက ၎င်းတို့သာသိစေမည့် တင်ဒါခေါ် ယူမှုစည်းမျဉ်းနှင့် အသေးစိတ်အချက်အလက်ကို အခြားလူပုဂ္ဂိုလ်အဖွဲ့အစည်းသို့ ထုတ်ဖော်ပြောဆိုခြင်းမပြုရန် သဘောတူညီချက်ရယူခြင်းနှင့် လက်မှတ်ရေးထိုးခြင်း ပြုလုပ်ရမည်ဖြစ်သည်။ ထို့အပြင် Swiss Challenge တင်ဒါ အဆိုပြုလွှာ တောင်းခံခြင်းနှင့် ရွေးချယ်မှုလုပ်ငန်းများကို နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်ထားသော စီမံကိန်းဘဏ်ဆိုင်ရာ ညွှန်ကြားချက်နှင့် အညီ ဆောင်ရွက်ရန် ထုတ်ပြန်ချက်၌ ဖော်ပြသည်။

**Source:** https://7day.news/detail?id=201999

## သစ်သီးပွဲရုံကိုယ်စားလှယ်များ တရုတ်တွင် ယာယီအခြေချ လုပ်ကိုင်ခွင့်ရရှိရေး ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံတင်ပြထား

COVID-19 ကပ်ရောဂါ ကာလအတွင်း မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့နေသည့် စိုက်ပျိုးရေးကုန်စိမ်းသီးနှံများအနက် ဖရဲ၊ သခွားကဲ့သို့သော ပုပ်သိုးလွယ်သီးနှံများကို ဖုန်းဖြင့်သာ ဆက်သွယ်ရောင်းချရသည်ဖြစ်ရာ ခက်ခဲမှုများကြောင့် သစ်သီးပွဲရုံများမှ ကိုယ်စားလျယ်များ တရုတ်ဘက်တွင် ယာယီအခြေချ လုပ်ကိုင်ခွင့်ရရှိရန်အတွက် ယူနန်ပြည်နယ်အစိုးရနှင့်ညှိနှိုင်း

ကူညီဆောင်ရွက်ပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်ထံသို့ စာဖြင့် တင်ပြတောင်းဆိုထားသည်ဟု သိရသည်။ "အခုက သစ်သီးကား အဝင်နည်းပေမဲ့ မကြာခင်ဆိုရင် သစ်သီးထွက်ချိန် ရောက်လို့ များလာတော့မယ်။ အခုလိုမျိုး ဖုန်းနဲ့ ဆက်သွယ်လုပ်ရတော့ ထိုက်တန်တဲ့ဈေး မရဘဲ ထိခိုက်နစ်နာဆုံးရှုံးမှုတွေ ပိုမိုတွေ့ကြုံလာနိုင်ပါတယ်။ ဒီဘက် ၁၀၅ မိုင်အခြေစိုက် ပွဲရုံကိုယ်စားလှယ် ၂ ဦးကနေ ၅ ဦးအထိ ယာယီအခြေချ လုပ်ကိုင်ခွင့်ပေးဖို့ အစိုးရချင်း ညှိနှိုင်း ဖြေရှင်းပေးဖို့နဲ့ လမ်းပိုင်းမှာကြန့်ကြာလို့ ပျက်စီးမှုတွေ မကြုံရအောင် အမြန်စစ်ဆေးဆောင်ရွက်ပေးဖို့ လုပ်ငန်းရှင်တွေ အစည်းအဝေး ဆုံးဖြတ်ချက်နဲ့ တင်ပြထားတာဖြစ်ပါတယ်။ ပြည်နယ်အစိုးရကို ဒီနေ့ (အောက်တိုဘာ ၁၃ ရက်) ပဲ စာတိုက်ကနေ ပို့လိုက်ပါတယ်" ဟု မူဆယ်အခြေစိုက် သစ်သီးဝလံကုန်စည်ဒိုင်အသင်း ဥက္ကဋ္ဌ ဦးစိုင်းမြင့်ဗိုလ်က ကမ္ဘောဇတိုင်းသို့ ပြောသည်။

အဆိုပါ တင်ပြစာတွင် ဖရဲ၊ သခွားရာသီချိန်ရောက်တော့မည်ဖြစ်သဖြင့် ကုန်တင်ပို့မှုများပြားလာမည်ဖြစ်ရာ ဖုန်းဖြင့် ဆက်သွယ်ရောင်းချ နေရသည်ထက် တရုတ်နိုင်ငံ၊ ဝမ်တိန်သစ်သီးချကွင်းတွင် ၁၀၅ မိုင် အခြေစိုက် သစ်သီးပွဲရုံများ၏ ကိုယ်စားလှယ် ၂ ဦးမှ ၅ ဦးအထိ ယာယီအခြေချ ဆောင်ရွက်ခွင့်ရရန်နှင့် လိုအပ်သည့် နှစ်နိုင်ငံ COVID-19 ရောဂါ ပိုးစစ်ဆေးမှုနှင့် အခြားကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း အပြည့်အဝလိုက်နာ ဆောင်ရွက်သွားမည်ဖြစ်သည်ဟု ဖော်ပြထားသည်။ ထို့အပြင် သစ်သီးဝလံကုန်တင်ကားများ ရှမ်းပြည်နယ်အတွင်း ဝင်ရောက်လာရာ၌ သတ်မှတ်သည့် (SOP) အရ ဆောင်ရွက်နေသော ကျန်းမာရေးစစ်ဆေးသည့် လမ်းပိုင်းစစ်ဆေးမှုများတွင် ပုပ်သိုးလွယ် သစ်သီးတင်ကုန်တင်ယာဉ် များအား ဦးစားပေး၍ အမြန်စစ်ဆေးပေးနိုင်ရေး တင်ပြအကူအညီတောင်းခံကြောင်း ဖော်ပြပါရှိသည်။ အဆိုပါတင်ပြစာကို စီးပွား/ကူးသန်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် သူများအသင်း၊ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်ညွှန်ကြားရေးမှူး၊ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး၊ မူဆယ်-နမ့်ခမ်း နယ်စပ် ကုန်သည်များအသင်းများ သို့လည်း မိတ္တူပေးပို့တင်ပြထားကြောင်း သိရသည်။

မူဆယ်သစ်သီးဝလံကုန်စည်ဒိုင်မှ ဘဏ္ဍာနှစ်အလိုက် ရောင်းချရသည့် သစ်သီးတန်ချိန်နှင့် ကားစီးရေများမှာ ၂၀၁၆ ခုနှစ်မှ ၂၀၁၉-၂၀ အထိ ဖရဲတန်ချိန် ၂၅၃၇၈၅၃ ဒသမ ၅ တန်၊ ကားစီးရေ ၁၇၅၅၃၂ စီး၊ သခွားမွှေး ၅၃၂၉၁၂ ဒသမ ၅ တန်၊ ကားစီးရေ ၆၆၅၄၂ စီး၊ ဆီးသီး (ဇီးသီး) ၃၄၅၇ ဒသမ ၅ တန်၊ ကားစီးရေ ၇၆၅ စီး၊ စပျစ် ၂၉ တန်၊ ကားစီးရေ ၁၄ စီး၊ ဖရုံသီး ၁၀၀၈၃ ဒသမ ၅ တန်၊ ကားစီးရေ ၅၄၅ စီး၊ သရက်သီး ၁၃၆၆၃၁ တန်၊ ကားစီးရေ ၂၃၄၆၀ စီး၊ နာနတ်သီး ၄၀၈၅ ဒသမ၅ တန်၊ ကားစီးရေ ၂၉၄ စီးနှင့် ကန်စွန်းဥ ၄၉၅ တန်၊ ကားစီးရေ ၃၄ စီးတို့ဖြစ်ကြကြောင်းသိရသည်။

**Source:** https://www.kanbawzatainews.com/2020/10/mse..html

## အိန္ဒိယ- မြန်မာနယ်စပ်ဂိတ်မှ တရားမဝင်သွားလာရောင်းဝယ်မှုများ အရေးယူမည်



ကိုဗစ်ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန် အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ တရားဝင်နယ်စပ်ဂိတ်များ ပိတ်ထားချိန်တွင် တရားမဝင် ဝင်ထွက်သွားလာခြင်းနှင့် ကုန်စည်တင်ပို့ရောင်းဝယ်မှုများ ပြုလုပ်ပါက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့် အရေးယူမည်ဟု စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှ သတင်းရရှိသည်။ တိုင်းအဆင့် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီအတွင်းရေးမှူး လုံခြုံရေးနှင့် နယ်စပ် ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုးက"စာထုတ်ထားတာပဲ ရှိပါသေးတယ်။ အိန္ဒိယဘက်မှာလည်း ကိုဗစ်ရောဂါဖြစ်တာများနေတော့ ရှင်းရှင်းပြောရရင် ဟိုဘက်၊ ဒီဘက် ကူးလူးဆက်ဆံမှုမလုပ်ရလို့ ပြောထားပြီးသား။ ကျနော်တို့ အဲဒီဘက်မှာလည်း ဂိတ်တွေလည်း ပိတ်ထားပြီးသား။ အဲဒီလို ဂိတ်တွေပိတ်ထားတဲ့ကြားက တရားမဝင် သွားတာလာရှိရင်တော့ ဖော်ထုတ်ဖမ်းဆီးရမှာပေ့ါ"ဟု ရောဝတီသို့ပြောသည်။

အိန္ဒိယနှင့် ထိစပ်နေသည့် စစ်ကိုင်းတိုင်းရှိ ရပ်ကွက်၊ ကျေးရွာ အုပ်စုများမှ ဒေသခံများသည် အိန္ဒိယနိုင်ငံဘက် သို့ ဝင်ထွက်သွားလာခြင်း၊ ကုန်စည်တင်သွင်း တင်ပို့ခြင်းများ ယခင်က ရှိသော်လည်း ကိုဗစ်ရောဂါ ကူးစက် ပြန့်ပွားမှု မရှိစေရေး အတွက် အိန္ဒိယ-မြန်မာ နယ်စပ်သံတံတားဂိတ် အမှတ် ၁ နှင့် အမှတ် ၂ ဂိတ်တို့ကို မတ်လ ၁၀ ရက်က ယာယီ ပိတ်ထားခဲ့သည်။

နယ်စပ်ဂိတ်များ တရားဝင်ပြန်လည်မဖွင့်မီအထိ သွားလာ၊ ရောင်းဝယ်မှုများမပြုလုပ်ကြရန် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က အောက်တိုဘာ ၉ ရက် အမိန့်ထုတ်ပြန်ထားသည်။ ထိုသို့ တရားဝင်ဂိတ်များ ပိတ်လိုက်သော်လည်း အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသော ကျေးရွာများမှ ဒေသခံတချို့သည် အိန္ဒိယနိုင်ငံသို့ ဝင်ထွက်သွားလာနေခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်းများပြုလုပ်နေသည်ကို စိစစ်တွေ့ရှိရသည့်အတွက် တရားဝင်နယ်စပ်ဂိတ်ပေါက်များ ပြန်လည်ဖွင့်လှစ်ခြင်းမပြုမီ စစ်ကိုင်းတိုင်းမှ မည်သူမဆို တရားမဝင် မလုပ်ဆောင်ကြရန် တိုင်းဒေသကြီးအစိုးရအဖွဲ့က တားမြစ်လိုက်ခြင်းဖြစ်သည်။ ထိုတားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်ပါက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ၊ တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဟုသိရသည်။

တမူးခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းအောင်က“ကျနော်တို့နိုင်ငံကနေ ဟိုဘက်နိုင်ငံကို တရားမဝင်သွားတယ်။ တရားမဝင် ပြန်လာတယ်။ တရားဝင် အသိပေး အကြောင်းကြားခြင်းမရှိဘဲ ပြန်လာတဲ့သူတွေကိုတော့ တရားစွဲ တာ ရှိတယ်။ အဲဒါကတော့ လဝက ဥပဒေနဲ့ပေ့ါ။ ၅၊ ၆ မှုလောက်တော့ ရှိပြီ။ တိုင်းထုတ်ပြန်ချက်နောက်ပိုင်းမှာ ဖမ်းဆီးထားတာ ရှိပါတယ်။ အခု ကျနော်တို့ အရေးယူဖို့ဆောင်ရွက်နေပါတယ်”ဟုပြောသည်။ တိုင်းအစိုးရထုတ်ပြန်ချက်ထုတ်ပြီးနောက်ပိုင်း ဖမ်းဆီးရရှိမှု အရေအတွက်ကိုတော့ ဧရာဝတီက မေးမြန်းသော်လည်း တိကျစွာပြောကြားခြင်းမရှိပါ။ တမူးမြို့နယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ်က “အရေးယူခံရတာကတော့ သိပ်မရှိပါဘူး။ ဒါပေမယ့် မှောင်ခိုရောင်းဝယ်သွားလာခြင်းကလည်း ရပ်တန့်မသွားဘူး။ ပိုပိုပြီးတော့ ဆိုးလာတယ်။ ဌာနဆိုင်ရာအကြီးအကဲ၊ ရဲတပ်ဖွဲ့တို့၊ ခရိုင်အုပ်ချုပ်ရေးမှူးတို့က ဒါကိုတားမြစ်ပေမယ့် အောက်ခြေ ဝန်ထမ်း တွေက မရဘူး။ အကျင့်ပျက်ခြစားမှုတွေများပြီး နယ်စပ်ကုန်သွယ်ရေးက ညတိုင်းဖြစ်နေတာပဲ”ဟု ပြောသည်။ ဆက်လက်ပြီး ဦးမောင်မောင်လတ်က“အခုစာထုတ်လည်း ထိရောက်မှု မရှိပါဘူး။ အခုအချိန်ထိ ခိုးဝင်ခိုးထွက်၊ ခိုးရောင်းလုပ်နေကြတာပဲ။ နယ်ခြားစောင့်တပ် ရဲတပ်ဖွဲ့ကလည်း အင်အားနည်းတဲ့အခါကျတော့ ၇၈ မိုင်လောက်ရှိတဲ့ နယ်စပ်ကို မတားဆီးနိုင်ဘူးလေ။ ဒါပေမယ့် ဆိုးတာက တမူးမြို့နယ် ဧရိယာထဲမှာကိုဖြစ်နေတာ”ဟုပြောသည်။ နာဂဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်ကလည်း ၎င်းတို့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများဖြစ်သည့် လေရှီး၊ လဟယ်၊ နန်းယွန်းစသည့် မြို့နယ်များမှ တရားမဝင် ဝင်ထွက်ရောင်းဝယ်ဖောက်မှုအတွက် အရေးယူထားသည့် အမှုများမရှိသေးဟုရှင်းပြသည်။

အိန္ဒိယ-မြန်မာနယ်စပ်ရှိ တမူးမြို့နယ် ဒေသခံအများစုသည် နယ်စပ်ဂိတ်အမှတ် ၂ အနီးရှိ နန်းဖာလုံနယ်စပ်ဈေးတွင် အိန္ဒိယနိုင်ငံသားများ အသုံးများသည့် ကုန်ပစ္စည်းများ၊ စားသောက်ကုန်များကို အဓိကရောင်းချကြသလို တချို့က အိန္ဒိယဘက်သို့ အလုပ်သွားလုပ်သူများလည်းရှိကြောင်းသိရသည်။ ယခုအခါ နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်များ ပိတ်ထားချိန်မှာ ၇ လအထိ ကြာမြင့်လာပြီဖြစ်သဖြင့် ကုန်သည်များအပြင် နေ့စားအလုပ်သမားများ၊ ကုန်စိမ်းသည်များပါ စားဝတ်နေရေးခက်ခဲမှုရှိလာကြောင်း ကုန်စိမ်းရောင်း သည့် ဒေါ်သီတာကြည်ကဆိုသည်။

တမူးနယ်စပ်ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးလှမောင်ကလည်း “ကျနော်တို့အတွက် နစ်နာဆုံးရှုံးမှုအများကြီးရှိပါတယ်။ နန်းဖာလုံကနေ တဆင့်ရောင်းတွေဆိုရင် တချို့ဟာတွေက အကြွေးပေးလိုက်တာတွေရှိတယ်။ အဲဒီ အကြွေးက အခုဆိုရင် ၆ လ၊ ၇ လလောက်ကြာ သွားပြီ။ အခုမှ ပေးမယ်ဆိုရင်ပဲ အဲဒီအချိန်က ငွေဈေး ၂၀ ဆို ရင် အခု ၁၆ ကျပ်လောက်ပဲရှိတော့ ကျနော်တို့က ငွေသားပေါ်မှာပဲ ဆုံးရှုံးနစ်နာမှုရှိသွားပြီ။ ဆုံးရှုံးမှုများတော့ အားလုံးဖွင့်လိုက်ပြီဆိုရင်တောင်မှ မနည်းလုပ်ယူရမှာ”ဟု ပြောသည်။ စစ်ကိုင်းတိုင်းဒေသကြီးမှာတော့ အောက်တိုဘာလ ၁၃ ရက်အထိ ပိုးတွေ့လူနာစုစုပေါင်း ၂၁၆ ဦးရှိသည့် အနက် ၉၉ ဦးဆေးရုံမှ ဆင်းသွားပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ထုတ်ပြန်ချက်အရသိရသည်။

**Source:** https://burma.irrawaddy.com/lifestyle/coronavirus/2020/10/13/231518.html

## မြန်မာ့လက်ဖက် ယခုနှစ်အထွက်နည်းသောကြောင့် Export ပြည့်မီအောင် တင်ပို့နိုင်ရေးအခက်ခဲရှိ

မြန်မာ့ထုတ်ကုန်ဖြစ်သည့် လက်ဖက်ကို ဂျာမနီနှင့်ဗြိတိန်နိုင်ငံသို့ တင်ပို့လျက်ရှိရာ ယခုနှစ်တွင် ရာသီဥတုအခြေအနေအရ လက်ဖက်ထွက်နှုန်းနည်းခြင်း၊ ကိုဗစ်ကပ်ရောဂါကြောင့် ကုန်စည်စီးဆင်းမှုကြန့်ကြာခြင်းနှင့် လက်ဖက်ခူးနိုင်မှု အချိန်မမီခြင်းတို့ကြောင့် ပြည်ပအမှာပြည့်မီအောင် Export တင်ပို့နိုင်ရန် အခက်အခဲရှိနေကြောင်း မြန်မာနိုင်ငံ လက်ဖက်အသင်းအတွင်းရေးမှူး ဦးလင်းပြည့်ထွန်းကပြောသည်။ “ရှမ်း(တောင်ပိုင်း)အခြေအနေအရပြောရင်၄၀ ရာခိုင်နှုန်းလောက် အထွက်နှုန်းကျဆင်းတော့

လုံလောက်တဲ့ အော်ဒါပမာဏ ပြည့်အောင်မပို့နိုင်ဘူး။ ဒါကြောင့် Export ပို့နိုင်တာ နည်းတယ်။ ပစ္စည်းပြည့်စုံလို့ ပို့မယ်ဆိုတော့ ကုန်တင်ကားတွေ သွားလာရေးအခက်အခဲလည်းရှိတယ်။ နိုဝင်ဘာလလောက်ထိတော့ Export အတွက် အခက်အခဲကြားမှာ ရအောင်လုပ်မယ်ဆိုရင်တော့ဖြစ်နိုင်မယ်"ဟု ၎င်းကပြောသည်။

၂၀၁၉ ခုနှစ်က လက်ဖက် ၁၀ တန်ကျော် တင်ပို့နိုင်ခဲ့ပြီး ယခုနှစ်ရာသီ၌ ပြည်ပဈေးကွက်အမှာ (Order) ၁၅ တန်ခန့် ရှိသော်လည်း စက်တင်ဘာလအထိ ၃ တန်ခန့်သာတင်ပို့နိုင်ခဲ့ကြောင်း၊ ရာသီဥတုအရ မိုးခေါင်ခြင်း၊ ဈေးကွက်တင်ပို့နိုင်မှု အခြေအနေနှင့် ကိုဗစ်ကပ်ရောဂါဖြစ်ပွားမှုတို့ကြောင့် စက်ရုံတချို့အင်အားပြည့် မလည်ပတ်နိုင်ခြင်းတို့က လက်ဖက် အထွက်နှုန်းကျဆင်းရခြင်းဖြစ်သည်ဟုသိရသည်။ "စက်ရုံတချို့ အင်အားပြည့် မလည်ပတ်နိုင်တာက ကိုဗစ်နဲ့ထွက်နှုန်းကျ တာကြောင့်ပါ။ လုံးဝရပ်တော့ မဟုတ်ဘူး။ တစ်နိုင်တစ်ပိုင် လည်ပတ်နေတာရှိတယ်။ ပြည်တွင်းခရီးသွားလုပ်ငန်းတွေ အခြေပြုတဲ့လက်ဖက်ထုတ်လုပ်သူတွေမှာ ရောင်းအားသိသိသာသာကျဆင်းပြီး စက်ခြောက်(Green Tea)က ဝယ်လိုအား နည်းတော့ ပစ္စည်းတွေပိုလျှံနေတယ်"ဟု ဆက်လက်ပြောကြားသည်။

လက်ဖက်တွင် ရွှေဖီလက်ဖက်၊ ခါးကန့်လက်ဖက်နှင့် နှင်းတက်လက်ဖက်ဟူ၍ရှိရာ ရွှေဖီလက်ဖက်သည် ၄ လ ကြာ မြေဆီလွှာအာဟာရကို စုပ်ယူထွက်ရှိလာသည့် အနံ့အရသာကောင်းမွန်သော လက်ဖက်အညွန့်ဖြစ်ကြောင်း၊ အညွန့်ထွက်ရှိပြီး ၃ ပတ်အကြာ၌ ရက်ဆက်နီးပါး မိုးရွာသွန်းပါက ရေခါတ်ရရှိ၍ အညွန့်များထွက်လာခြင်းဖြစ်ရာ ယခုနှစ်တွင် မိုးခေါင်သောကြောင့် အညွန့်များခြောက်သွေ့ပြီး အထွက်နှုန်းကျဆင်းကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် လက်ဖက်ကို ရှမ်းပြည်နယ် တောင်ပိုင်း၊မြောက်ပိုင်း၊ အရှေ့ပိုင်းနှင့် မန္တလေးတိုင်း မိုးကုတ်မြို့နယ်တို့တွင် စိုက်ပျိုးထွက်ရှိပြီး ထုတ်လုပ်မှုအောင်မြင်စေရန်၊ လက်ဖက်စားသုံးသူများပြားလာစေရန်တို့အပြင် ပြည်ပဈေးကွက်တိုးချဲ့ ရှာဖွေရန်တို့ကို မြန်မာနိုင်ငံ လက်ဖက်အသင်းမှ ဆောင်ရွက်နေသည်ဟုဆိုသည်။

**Source:** https://myanmar.mmtimes.com/node/144978

## တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့် အာလူးများကို မျိုးအဖြစ်အသုံးပြုနေသော်လည်း အခွန်နှင့်ဈေးကွက်ထိခိုက်နေဟုဆို



ရှမ်းပြည်နယ်တောင်ပိုင်း အာလူးဈေးကွက်တွင် တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့် စားအာလူးများကို မျိုးအာလူးအဖြစ် အသုံးပြုနေသော်လည်း နိုင်ငံတော်အခွန်နစ်နာမှုအပြင် အာလူးစိုက်တောင်သူများ ထိခိုက်နစ်နာမှုများ ရှိနေကြောင်း ဟဲဟိုးမြို့၊ အာလူးစိုက်တောင်သူများအသင်းအဖွဲ့မှ ဦးအောင်သန်းကျော်က ပြောဆိုခဲ့သည်။ အောင်ပန်းမြို့၊ ပြည်သာယာအောက်ဈေးသို့ အောက်တိုဘာလ ၃ ရက်က ရှမ်းပြည်နယ်အခွန် ၃ ရာခိုင်နှုန်းဖြင့် တရုတ်စားအာလူးများ ဝင်ရောက်လာနေသည့်အပေါ် ဦးအောင်သန်းကျော် က ယင်းကဲ့သို့ ပြောဆိုခဲ့ခြင်းဖြစ်သည်။

"အမှန်က ပြည်နယ်အစိုးရကို အောက်တိုဘာလကနေ ဇန်နဝါရီလအထိ မျိုးအာလူးအနေနဲ့ တင်သွင်းဖို့ တင်ပြထားတာ ရှိတယ်။ တရုတ်ကရော၊ နယ်သာလန်ကရော မျိုးအနေနဲ့ သွင်းမယ်ဆိုရင် အခွန် ၂၅ ရာခိုင်နှုန်းဆောင်ပြီး ပိုးမွှား ကင်းစင်ကြောင်း စတဲ့ အသိအမှတ်ပြုတွေ ပါရမယ်။ အခုက စားအာလူးအနေနဲ့ ရှမ်းပြည်နယ်အခွန် ၃ ရာခိုင်နှုန်း သွင်းပြီး သယ်လာတာဖြစ်တော့ နိုင်ငံတော်အခွန်နဲ့ အာလူးစိုက်တောင်သူတွေကို ထိခိုက်စေပါတယ်။ ဒါကို အခွန် မြှင့်တင်ကောက်ခံမှု၊ တကယ့်မျိုးအာလူးအဖြစ် တင်သွင်းမှုတွေနဲ့ သက်ဆိုင်ရာက စိစစ်လုပ်ဆောင်ပေးဖို့ လိုပါတယ်" ဟု ဦးအောင်သန်းကျော်က ကမ္ဘောဇတိုင်းသို့ ပြောသည်။ တောင်သူများအနေဖြင့် စားအာလူးအဖြစ် ဝင်ရောက်လာသည့် အာလူးများကို မျိုးအာလူးအဖြစ် ဝယ်ယူစိုက်ပျိုး ကြရသော်လည်း ပိုးမွှားမကင်းစင်မှုများကြောင့် အခက်အခဲဖြစ်ရသည့်အပြင် နယ်သာလန်မျိုးအာလူးများနှင့် နှိုင်းယှဉ်ပါက အထွက်နှုန်းနှင့် အရသာ သိသာစွာကွာခြားမှုရှိကြောင်း ၎င်းထံကသိရသည်။

လက်ရှိ ရှမ်းတောင်အာလူးဈေးကွက်တွင် တရုတ်စားအာလူး တစ်ပိဿာ ၇၅၀ ကျပ်မှ ၁၀၀၀ ကျပ်အထိ ဈေးရှိနေ

သော်လည်း နယ်သာလန်မှ တင်သွင်းသည့် မျိုးအာလူးမှာ တစ်ပိဿာလျှင် ကျပ် ၂၅၀၀ ခန့်အထိရှိနေကြောင်း သို့သော် စိုက်ပျိုးခြင်းနှင့် ထုတ်ကုန်လုပ်ငန်းတွင်မူ နယ်သာလန်အာလူး မှာ ဈေးကွက်ရှိပြီး တောင်းဆိုအားကောင်းကြောင်းသိရသည်။ ထိုင်းနိုင်ငံအာလူးဈေးကွက်တွင် သွင်း ၆ လ၊ စိုက် ၆ လဖြင့် အစိုးရက ထိန်းကျောင်းပေးကာ အာလူးလိုအပ်ချက်ရှိလျှင် အခွန်နှုန်းထားများလျှော့ချပေးပြီး မလိုအပ်ပါက ရာခိုင်နှုန်းမြင့်မားစွာတင်၍ ဈေးကွက်ကို ထိန်းချုပ်ပေးခြင်းဖြင့် တောင်သူပြည်သူများကို စောင့်ရှောက်ပေးကြောင်း မြန်မာနိုင်ငံအနေဖြင့်လည်း ယင်းကဲ့သို့ လုပ်ဆောင်ပေးရန် တစ်စိုက်မတ်မတ် တောင်းဆိုလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောဆိုခဲ့သည်။

အဆိုပါ အောင်ပန်းဈေးကွက်အတွင်းသို့ ဝင်ရောက်လာသည့် စားအာလူးများနှင့်ပတ်သက်၍ တရုတ်နိုင်ငံမှ မည်သည့် အခွန်အမျိုးအစား၊ သီးနှံရင်းအနေအထားဖြင့် ဝင်ရောက်လာသည်ကို စုံစမ်းမေးမြန်းမှုများ ပြုလုပ်ခဲ့ရာတွင် ဖြေကြားသူမရှိခဲ့ချေ။ အာလူးစိုက်တောင်သူများအစုအဖွဲ့တွင် ဟဲဟိုးအနေဖြင့် ရေသွင်းအာလူး ဧက ၃၀၀၀ မှ ၅၀၀၀ အထိကို လာမည့် ဇန်နဝါရီလတွင် စတင်စိုက်ပျိုးသွားရန်ရှိနေကြောင်းသိရသည်။

**Source:** https://www.kanbawzatainews.com/2020/10/abn.patota.html

## မြန်မာ့ရေထွက်ကုန်(ငါးရှဉ့်)အား တရုတ်မှ တင်ပို့ခွင့်ရပ်ဆိုင်းသည့်အပေါ် ညှိနှိုင်းပေးနိုင်ရန် ရှမ်းပြည်နယ် စီမံ/ဘဏ္ဍာ ဝန်ကြီးထံတင်ပြ



မြန်မာနိုင်ငံ၊ ချင်းရွှေဟော်နှင့်မူဆယ်လမ်းကြောင်းများမှ တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်မှုအဖြစ် တင်ပို့နေသည့် ရေထွက်ကုန်(ငါးရှဉ့်)ကို တရုတ်နိုင်ငံဘက်မှ အကြောင်းပြချက်မရှိဘဲ တင်ပို့ခွင့် ရပ်ဆိုင်းလိုက်သည့်အပေါ် ညှိနှိုင်းပေးနိုင်ရန် မန္တလေးအခြေစိုက် ရေထွက်ကုန်(ငါးရှဉ့်) လုပ်ငန်းရှင်များအသင်းက ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးထံ အောက်တိုဘာလ ၁၃ ရက်က တင်ပြစာပေးပို့ထားကြောင်း သိရသည်။

"အခုကတော့ သူတို့ဘက်က ဘာမှ အကြောင်းပြချက်မရှိ၊ ညှိနှိုင်းချက်မရှိ လုပ်ချင်သလို လုပ်တာကို ခံနေရတာပါ။ ဘာတွေလိုအပ်နေတယ်၊ ဘာတွေဆောင်ရွက်ပေးရမယ်လို့ မပြောတဲ့အပြင် ချက်ချင်းမဝင်ရတော့ဘူးဆိုပြီး ရပ်ပစ်ခံရတာက ဒီမှာလုပ်နေတဲ့သူတွေမှာ ချက်ချင်းရပ်လို့လည်းမရနဲ့ အခက်ကြုံနေရတာပါ။" ဟု မန္တလေးတိုင်းဒေသကြီး၊ ငါးရှဉ့်လုပ်ငန်းရှင်များအသင်း၏ အတွင်းရေးမှူး ဦးတိုင်းကျော်ကပြောသည်။ ထို့အတူ အဆိုပါအသင်းမှ တရုတ်နိုင်ငံ၊ လင်စန်းခရိုင်၊ မိန်းတိန်မြို့ရှိ မြန်မာတရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုံမှ ညွှန်ကြားရေးမှူး (ဥက္ကဌ)ထံသို့လည်း ငါးရှဉ့်ပေးပို့မှုကိစ္စ ရပ်ဆိုင်းမှုအား ရှင်းလင်းစွာ ထုတ်ပြန်အသိပေးနိုင်ရန် စာပေးပို့ထားကြောင်းလည်းသိရသည်။

ချင်းရွှေဟော် ကုန်သည်အသင်းဘက်သို့ အောက်တိုဘာလ ၁၂ ရက်က စ၍ ငါးရှဉ့်တင်ယာဉ်များ ဝင်ခွင့်မပေးတော့ကြောင်း ဖုန်းဖြင့် အကြောင်းကြားလာခဲ့ပြီး မူဆယ်ဘက်တွင်လည်း တရုတ်ဘာသာဖြင့် ငါးရှဉ့်ကားများ ပေး မဝင်တော့ကြောင်း စာကပ်ထားသည်ဟုသိရကြောင်း ဦးတိုင်းကျော်ထံမှသိရသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးထံသို့ တင်ပြသည့်စာတွင် ငါးရှဉ့်လုပ်ငန်းသည် အရှင်အတိုင်း ဝယ်ယူစုဆောင်းပြီး အချိန်မီတင်ပို့ရသည့်လုပ်ငန်းဖြစ်ကာ အောက်ခြေတွင် ဝယ်ယူစုဆောင်းခြင်းကိုလည်း ချက်ခြင်းရပ်တန့်၍မရသော လုပ်ငန်းဖြစ်သဖြင့် ယခုကဲ့သို့ မကြာခဏတင်ပို့ခွင့် ပိတ်ပင်နေခြင်းကြောင့် နိုင်ငံသား ငါးရှဉ့်လုပ်ငန်းရှင်များအနေဖြင့် ဆုံးရှုံးမှုများရှိနေကြောင်း၊ ကုန်သွယ်မှုတွင် လိုအပ်ချက်ရှိပါက သိရှိနိုင်ရန်နှင့် အသိပေးကြေညာချက်ထုတ်ပြန်ပေးရန်အတွက် သက်ဆိုင်ရာ တရုတ်နိုင်ငံ ပြည်ပဆက်ဆံရေးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန်ဟု ဖော်ပြပါရှိသည်။ ငါးရှဉ့် မော်တော်ယာဉ်တစ်စီးကို ငွေကျပ်သိန်း ၃၀၀ ဖြင့် တစ်ရက်လျှင် ၈ စီးနှုန်း တစ်နှစ်ပတ်လုံးတွင် ပျဉ်းမျှ ၇ လတာမျှ တရုတ်နိုင်ငံသို့တင်ပို့နေပြီး နိုင်ငံခြားဝင်ငွေ ငါးရှဉ့်လုပ်ငန်းသည် တစ်နှစ်လျှင် ဒေါ်လာသန်း ၄၀ ကျော် ရရှိသော နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းဖြစ်ကြောင်း သိရသည်။

**Source:** https://www.kanbawzatainews.com/2020/10/NS.html

## လမ်းပန်းဆက်သွယ်ရေးအခက်အခဲနှင့် ပြည်ပမတင်ပို့နိုင်သဖြင့် ကြက်သွန်နီအရောင်းအဝယ်အေးနေ




လမ်းပန်းဆက်သွယ်ရေးအခက်အခဲများနှင့် ကုန်တင်ယာဉ်များကို ကန့်သတ် ထားမှုကြောင့် ကြက်သွန်နီကို ပြည်ပတင်ပို့နိုင်ခြင်းမရှိသဖြင့် အရောင်းအဝယ်အေးနေကြောင်း မန္တလေးတိုင်းဒေသကြီး စားဖိုချောင်သီးနှံ စိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းက သိရသည်။ "စက်တင်ဘာလ ၂၀ ရက် နောက်ပိုင်းက တရုတ်နိုင်ငံနဲ့ ရခိုင်ပြည်နယ် ဘက်က ဝယ်တဲ့အတွက် တစ်ပိဿာကို ၆၀၀ကျပ်က ၁၁၀၀ကျပ်အထိ မြင့်တက်သွားခဲ့တယ်။ စက်တင်ဘာလကုန်လောက်ကြတော့ ကိုဗစ်-၁၉ ရောဂါဂယက်ကြောင့် တရုတ်နိုင်ငံကဘက်ကလည်း မဝယ်တော့ဘူး။ ပြည်တွင်းကလည်း လမ်းကြောင်းအခက်အခဲတွေရှိတဲ့အတွက် တင်ပို့မှုတွေနည်းသွားတယ်။ အဲဒါကြောင့် အရောင်းအဝယ် အေးသွားတယ်။ ဒါပေမယ့်ဈေးနှုန်းကတော့ မကျသေးဘူး" ဟု အဆိုပါအသင်းအတွင်းရေးမှူး ဦးဝင်းမြင့်ကပြောသည်။

အဝေးပြေးကုန်တင်ယာဉ်မောင်းများ ကျန်းမာရေးစစ်ဆေးပြီးမှသာ ပြေးဆွဲခွင့်ပြုရန် ကန့်သတ်ထားသည့်အပြင် ရောဂါစစ်ဆေးတွေ့ရှိသည့် ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်မှာ တဖြည်းဖြည်းများပြားလာနေခြင်းကြောင့် ကုန်သည်များက အဝယ်ရပ်နားထားကြောင်း၊ ပြည်တွင်းစားသောက်လုပ်ငန်း အများစုမှလည်း ဝယ်ယူမှုလျော့နည်းလာသဖြင့် ကြက်သွန်နီ အပါအဝင် သီးနှံပေါင်းစုံမှာ အရောင်းအဝယ်နေးကွေးလျက်ရှိသည်။ "အဝယ်မရှိပေမယ့် ဈေးမကျသေးတာက စိုက်ပျိုးသူနဲ့ နယ်ဒေသတွေမှာရှိတဲ့ ကုန်သည်အချို့က ဈေးချမရောင်းတဲ့အတွက်မကျတာပါ။ တရုတ်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ လိုအပ်ချက် ရှိနေတာကို သိနေတဲ့အတွက်လည်းပါတယ်။ ဒါပေမယ့် ရေရှည်တော့ တောင့်ခံနိုင်မှာမဟုတ်ပါဘူး။ ကြက်သွန်နီက ကြာလာလေ ကုန်ချိန်က လျော့လာမှာဖြစ်တဲ့အတွက် ရေရှည်တောင့်ခံနိုင်ဖို့ မလွယ်ပါဘူး" ဟု ကြက်သွန်နီကုန်သည် ဦးမင်းကိုကပြောသည်။ မန္တလေးမြို့ရှိ ကိုင်းတန်းဈေးကွက်အတွင်း ကြက်သွန်နီ လက္ကားဈေးနှုန်းမှာ တစ်ပိဿာလျှင် ၁၁၀၀ မှ ၁၁၅၀ ကျပ် ဝန်းကျင် ရှိကြောင်းသိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းမှ ကြက်သွန်နီများအား စက်တင်ဘာလအတွင်းက တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က ဝယ်ယူမှုကြောင့် ဈေးနှုန်းမြင့်တက်ခဲ့ခြင်းဖြစ်ပြီး ယခုအတိုင်း အဝယ်ရပ်တန့်နေလျှင် ဈေးနှုန်းတဖြည်းဖြည်းကျဆင်းလာမည် ဖြစ်ကြောင်း ကုန်သည်များကပြောသည်။ "ကုန်သည်တချို့ကတော့ ဝယ်နေတယ်။ ဒါပေမယ့် ဒီဈေးထက် ဆက်တက်မပေး တော့ဘူး။ အရင်ကလည်းလိုလည်း အကန့်အသတ်မရှိဝယ်ယူတာမျိုး မလုပ်တော့ဘူး။ ထိန်းဝယ်နေကြတယ်။ ဒါကြောင့် အရောင်းအဝယ်က တော်တော်လေးကို နှေးလာတယ်။ ဒီအတိုင်းရေရှည်ဆိုရင်တော့ မလွယ်ဘူး" ဟု ကြက်သွန်နီစိုက်ပျိုးသူ ဦးထွန်းတောက်က ပြောသည်။

ကြက်သွန်နီကို အစိုဝယ်တစ်ပိဿာလျှင် ကျပ် ၅၀၀ ခန့်ဖြင့် ဝယ်ယူပြီး သိုလှောင်ထားခြင်းဖြစ်ပြီး လက်ရှိတွင် အလေးချိန်ထက် ဝက်ခန့်လျော့သွားသဖြင့် တစ်ပိဿာလျှင် ကျပ် ၁,၀၀၀ နှင့်အထက်ရရှိမှသာ တောင်သူများ အဆင်ပြေမည် ဖြစ်ကြောင်း၊ ယခုဈေးနှုန်းထက် ဆက်လက်ကျဆင်းသွားလျှင် အရှုံးပေါ်မည်ဖြစ်ကြောင်းသိရသည်။ "အရောင်းအဝယ် နှေးသွား ပေမယ့် ဈေးမကျတာကတော့ တောင်သူတွေက ၁,၀၀၀ ဈေးအောက်ကို ဘယ်လိုမှ ဆင်းမရောင်းနိုင်လို့လေ။ ကြိုက်ဈေးကို စောင့်နေတာလည်းပါတယ်။ အိန္ဒိယနိုင်ငံကလည်း သူတို့ဆီက ကြက်သွန်နီတွေ ကို အခြားနိုင်ငံတွေကို မရောင်းတော့တဲ့အတွက် လိုနေတဲ့နိုင်ငံအချို့က မြန်မာနိုင်ငံက ဝယ်ယူရမှာဖြစ်တယ်။ အဲ့ဒါတွေကို သိတဲ့အတွက်တောင်သူနဲ့ သိုလှောင်သူတွေက ဒီဈေးထက်လျော့မရောင်းတာပါ"ဟု ဦးထွန်းတောက်က ဆက်လက်ပြောသည်။

**Source: The Farmer Journal.**

https://www.facebook.com/myanmaawba/

## ကာလရှည် အနိမ့်ဈေးရရှိခဲ့သည့်သကြားဈေး စတင်မြင့်တက်လာ

တရုတ်နိုင်ငံမှ မြန်မာ့သကြားကို တစ်ဆွဲတစ်ပိုး အနေအထားဝယ်နေခြင်း၊ သကြားလက်ကျန်နည်းလာခြင်းတို့ကြောင့် သကြားဈေးသည် မန္တလေးဈေးကွက်တွင် တစ်ပိဿာလျှင် ကျပ် ၈၆၀ မှ ကျပ် ၉၀၀ကျပ်ထိ ရောက်ရှိသွားခဲ့သလို ရန်ကုန်ဈေးကွက်တွင်လည်း တစ်ပိဿာလျှင် ကျပ် ၉၂၀ ဈေးထိ ယခုတစ်ပတ်အတွင်း ရောက်ရှိသွားခဲ့သည်။ Re-export သကြားများ ပြည်တွင်းတွင် စုပြုံခဲ့ပြီးသည့်နောက် နှစ်အတော်ကြာ မြန်မာ့ကြံသကြားဈေးကွက် ပျက်ခဲ့ပြီးသည့်နောက် ယခု ကိုဗစ်ကာလတွင် ဈေးနှုန်းမြင့်တက်လာခဲ့ခြင်း ဖြစ်သည်။ "အရင်ကတော့ ကုန်လက်ကျန်တွေ စုပုံနေတဲ့ မူဆယ်ဘက်က သကြားတွေကလည်း ကုန်ပြီ။ ပြည်တွင်းက သကြားတွေ ထွက်တာပေါ့လေ။ တစ်ဆွဲတစ်ပိုးလောက်ဆိုတော့ ကုန်ကားတွေထဲ ဘယ်နေရာထိုးထည့် ထိုးထည့်ရပါတယ်။ ပြီးတော့လည်း တရုတ်ကို သကြားကုန်ကြမ်းအနေနဲ့ အရည်တွေ ပြုလုပ်ပြီး တင်ပို့တာမျိုး လည်းရှိတယ်။ အဲလိုဆိုရင် အခွန်ဆောင်ပြီး တရုတ်နိုင်ငံကို တရားဝင်ပို့လို့ရတယ်လေ" ဟု မြန်မာနိုင်ငံကြံသကြား လုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးကဆိုသည်။

သကြားဈေးတက်ရခြင်းတွင် ကြံကြိတ်ဝါးရာသီ ရောက်ရန် အချိန် နှစ်လ နီးပါးလိုချိန်တွင် တောင်သူဆီက ကြံဝယ်ယူမှု တစ်တန် လေးသောင်းအောက်ထက် မကျစေရန် ပြုလုပ်ခြင်းလည်း ဖြစ်နိုင်သည်ဟု ဦးဝင်းဌေးက ဆိုသည်။ "ဘယ်လိုပဲပြောပြော ဝယ်လိုအား နည်းနည်းရှိလာလို့ တက်တာပါပဲ" ဟုဆိုသည်။ လက်ရှိတွင် အစိုးရ ကြံတစ်တန်သတ်မှတ်ဈေးသည် တစ်တန်ဈေးသည် ကျပ် ၄၂၀၀၀ ဖြစ်ပြီး ယမန်နှစ် ကြံတစ်တန် သတ်မှတ်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက မြန်မာနိုင်ငံ၏ကုန်သွယ်မှုပမာဏ မြှင့်တင်နိုင်ရန် သကြားကို ပြည်ပမှတင်သွင်းပြီး တရုတ်နိုင်ငံသို့ပြန်လည်တင်ပို့ခွင့်လိုင်စင်ကို ၂၀၁၅ ခုနှစ်တွင်ခွင့်ပြုခဲ့သည်။ ထိုစဉ် ကုန်သွယ်မှုပမာဏ မြင့်မားခဲ့ပြီး အမြတ်အစွန်းများစွာ ရရှိခဲ့ကြသည်။ သို့သော် တရုတ်နိုင်ငံသို့ သကြားတရားဝင် တင်ပို့မှုထက် နယ်စပ်ဖြတ်ကျော်ဂိတ်များမှ တစ်ဆင့် တရားမဝင်တင်ပို့မှုများကြောင့် ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် တရုတ်နိုင်ငံသို့ သကြားတင်ပို့ခြင်းကို ပိတ်ပင်ခဲ့သည်။ ထို့အပြင် မြဝတီနယ်စပ်မှ မှောင်ခိုဝင်ရောက်လာသော သကြားကိုလည်း တင်းကျပ်မှုပြုလုပ်ခဲ့သည်။

ထိုသို့ ပိတ်ပင်ထားသော်လည်း တရားမဝင်လမ်းကြောင်းမှ မြဝတီမှ သကြားများ ဆက်လက် ဝင်ရောက်လျက်ရှိနေသေးကြောင်း သကြားစက်ရုံတို့ကဆိုခဲ့ကြသည်။ ထို့အပြင် သကြား အခြေခံသုံး စက်ရုံများ(စားသောက်ကုန်လုပ်ငန်းများ) မှ သကြားတင်သွင်းခွင့် လိုင်စင်ကိုလည်း ယာယီပိတ်ပင်ထားစေလိုကြောင်း ၂၀၁၉ ဇူလိုင်လကုန်တွင် ပြုလုပ်ခဲ့သည့် ယမန်နှစ်အစည်းအဝေး အဖြစ်ထွက်ပေါ်လာခဲ့ပြီးသည့်နောက် ပြည်ပမှတင်သွင်းသကြားများ ကန့်သတ်ခဲ့သလို လုပ်ငန်းရှင်များမှ ပြည်ပသကြားတင်ပို့မှုကိုပါ ကန့်သတ်ခဲ့သည်။ "သကြားဖိုရမ်မှာတော့ ကောင်းတာလေးတွေ ပြောင်းလဲလာတာတွေ ရှိပါတယ်။ ပြည်ပသကြား တင်သွင်းတာတွေလည်း ကန့်သတ်လာခဲ့တယ်။ နောက်ပြီးတော့ စိုက်ပျိုးရေး ဦးစီးဌာနကနေပြီးတော့ တစ်ဧက အထွက်နှုန်းမြင့်တဲ့ ကြံမျိုးတွေ ရရှိလာခဲ့တယ်။ မပြီးသတ်တာက ကြာနေတဲ့ ကြံသကြားဥပဒေ၊ နောက်ပြီး သကြားစက်ရုံတွေကို အဆင့်မြှင့်မယ်ဆိုပြီး ပြောခဲ့ တာတွေတော့ ဖြစ်မလာဘူးပေါ့" ဟု ဦးဝင်းဌေးကဆိုသည်။

သကြားစက်ရုံတို့၏ လုပ်နိုင်စွမ်းအပေါ်မူတည်ပြီး သကြားစက်ရုံဘေးတွင် လုပ်ကိုင်ဆောင်ရွက်ကြသည့် ကြံတောင်သူများ၏ ကြံဈေးရရှိမှုသည်လည်း တစ်နေရာနှင့်တစ်နေရာမတူကြောင်း ဦးဝင်းဌေးကဆိုသည်။ စုပုံနေသော သကြားတို့ လက်ကျန်နည်းလာခြင်း၊ ကြံစိုက်ဧက ၂၅ ရာခိုင်နှုန်း လျော့နည်းသွားခြင်းတို့ကြောင့် နောက်နှစ်တွင် ကြံသကြားဈေး ကောင်းလာဖွယ်မြင်ကြောင်း ဦးဝင်းဌေးကဆိုသည်။

**Source:** https://myanmar.mmtimes.com/news/144977.html

## ကပ်ရောဂါကာလအတွင်း အလုပ်အကိုင်များထိန်းသိမ်းထားနိုင်ရေး ပြည်တွင်း စီးပွားရေးလုပ်ငန်းများအတွက် ယူရိုဘီလျံ (၁၀၀) အီးယူထုတ်ချေးမည်

ကပ်ရောဂါကြောင့် ထိခိုက်သည့် စီးပွားရေးလုပ်ငန်းများအတွက် ၎င်းတို့၏ လုပ်သားများအား ဝင်ငွေထောက်ပံ့ပေးနိုင်စေရေး ဘဏ္ဍာရေးအကူအညီအဖြစ် ယူရို ဘီလီယံ (၁၀၀) ကို ဥရောပကော်မရှင်ကအသုံးပြုသွားမည်ဟုသိရသည်။ အဆိုပါ ရန်ပုံငွေအထောက်အပံ့သည် အီးယူအဖွဲ့ဝင်နိုင်ငံများအနက် နိုင်ငံပေါင်း (၁၇) နိုင်ငံသို့ ချေးငွေပေးအပ်သွားမည်ဖြစ်ပြီး၊ ချေးငွေ

ရရှိသည့် နိုင်ငံများသည် ကာလတိုအလုပ်အကိုင်အစီအစဉ် (short-time work schemes) ဟု ခေါ်တွင်သည့် ပုံစံဖြင့် အဆိုပါ ချေးငွေများကို ရင်းနှီးမြှုပ်နှံကြမည်ဖြစ်သည်။ လုပ်သားများအတွက် အလုပ်ချိန်လျှော့ချရပြီး၊ လုပ်ခလစာဆက်လက်ပေးအပ် လိုသည့် စီးပွားရေးလုပ်ငန်းများအား အလုပ်အကိုင် ဆက်လက်ပေးထားနိုင်ရန် ယင်းအစီအစဉ်က ထောင်ရွက်နိုင်မည်ဖြစ်သည်။ ချေးငွေ လက်ခံရရှိသည့် နိုင်ငံများမှာ ဘယ်လ်ဂျီယံ၊ ဘူလ်ဂေးရီးယား၊ ခရိုအေးရှား၊ ဆိုက်ပရပ်၊ ချက်သမ္မတနိုင်ငံ၊ ဂရိ၊ ဟန်ဂေရီ၊ အီတလီ၊ လတ်ဗီးယား၊ လစ်သူရေးနီးယား၊ မော်လ်တာ၊ ပိုလန်၊ ပေါ်တူဂီ၊ ရိုမေးနီးယား၊ ဆလိုဗက်ကီးယား၊ ဆလိုဗေးနီးယားနှင့် စပိန်နိုင်ငံတို့ဖြစ်ကြသည်။

ထို့သို့ ချေးငွေထုတ်ချေးမှုအစီအမံသည် ဥရောပကော်မရှင်၏ အရေးပေါ်အလုပ်လက်မဲ့ဖြစ်မှု အန္တရာယ်လျှော့ပါး သက်သာရေး ယာယီအထောက်အပံ့အစီအစဉ်တစ်ရပ်ဖြစ်သည့် SURE framework ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး၊ SURE အစီအမံသည် ကပ်ရောဂါကာလတွင်းနှင့် ကပ်ရောဂါအလွန်ကာလတို့တွင် အလုပ်အကိုင်များထိန်းသိမ်းထားနိုင်ရေး အီးယူ အဖွဲ့ဝင်နိုင်ငံများ အား အကူအညီပေးအပ်ရန် ထူထောင်ထားခြင်းဖြစ်သည်။ SURE အစီအမံအနေဖြင့် ထုတ်ချေးမည့် ယူရို ဘီလီယံ (၁၀၀) အား လူမှုဘဝဆိုင်ရာအထောက်အပံ့ပုံစံဖြင့် ထုတ်ချေးခြင်းဖြစ်ပြီး၊ ချေးငွေရယူသည့်လုပ်ငန်းများသည် ၎င်းငွေ များကို အလုပ်အကိုင်ထိန်းထားနိုင်ရေးအတွက်သာလျှင် အသုံးပြုနိုင်မည်ဖြစ်သည်။ ဘယ်လ်ဂျီယံနိုင်ငံအနေဖြင့် အဆိုပါ ဘဏ္ဍာရေးအထောက်အပံ့မှ ယူရို (၇.၈) ဘီလီယံ ရရှိမည်ဖြစ်ပြီး၊ ချေးငွေရရှိမှုပမာဏသည် နိုင်ငံအလိုက်ကွဲပြားမှုရှိကြောင်း၊ အီတလီနိုင်ငံသည် ယူရို (၂၇.၄)ဘီလီယံနှင့် ဟန်ဂေရီနိုင်ငံသည် ယူရို (၅၀၄) သန်း ရရှိကြမည်ဖြစ်ကြောင်းသိရသည်။

**Source: ဘရပ်ဆဲလ်တိုင်းမ်**

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဘရပ်ဆဲလ်**

## ကွမ်ရှီး၏ (၂၀၂၀) ခုနှစ်အတွက် ထိပ်တန်းလုပ်ငန်း (၁၀၀)စာရင်းအား ထုတ်ပြန်

ကွမ်ရှီး စီးပွားရေးလုပ်ငန်းများနှင့်အလုပ်ရှင်များ မဟာမိတ်အဖွဲ့က (၂၀၂၀) ခုနှစ်၏ ထိပ်တန်းစီးပွားရေး လုပ်ငန်း(၁၀၀)၊ ထိပ်တန်းစက်မှုကုန်ထုတ်လုပ်ငန်းရှင် (၅၀)နှင့် ထိပ်တန်းဝန်ဆောင်မှုလုပ်ငန်း (၅၀)တို့၏စာရင်းအား မကြာသေးမီက ထုတ်ပြန် ကြေငြာခဲ့ပါသည်။ ရုံးချုပ်များတည်ရှိရာ မြို့တော်များအားဖြင့် နန်နင်းမြို့မှ လုပ်ငန်း (၄၇)ခု ပါဝင်ကာ ဝင်ငွေစုစုပေါင်းမှာ ယွမ်ငွေ (၉၃၃.၅၂၄)ဘီလီယံရှိကြ၍ စုစုပေါင်းလုပ်ငန်းများ၏ (၅၈.၄၁)ရာခိုင်နှုန်းရှိသည်ကို တွေ့ရပါသည်။

အဆင့်များနှင့် ဆန်းစစ်မှုအပေါ် အခြေခံကြည့်သည့်အခါ အလုံးစုံအားဖြင့် လုပ်ငန်းများဆက်လက်တိုးချဲ့နေသည့် လမ်းကြောင်းနှင့် လွန်ခဲ့သည့် (၄)နှစ်အတွင်း စံချိန်တင်လောက်အောင် ဖွံ့ဖြိုးလာခဲ့မှုအား ကွမ်ရှီး၏ ထိပ်တန်းလုပ်ငန်း (၁၀၀) စာရင်းက ပြသနေပါသည်။ ပထမဆုံးအကြိမ်အတွက် ၎င်းတို့၏ စုစုပေါင်းပိုင်ဆိုင်မှုမှာ ယွမ်ငွေ (၄) ထရီလီယံသို့ ရောက်ရှိ ခဲ့ကာ စာရင်းတွင်ဖော်ပြထားသောလုပ်ငန်းအများစုက ယမန်နှစ်အတွင်း လုပ်ငန်းလည်ပတ်ရာမှ ရရှိသောဝင်ငွေတွင် တိုးတက်မှုများ ရရှိခဲ့ကြပါသည်။

ထို့ပြင် ထိပ်တန်းဝန်ဆောင်မှုလုပ်ငန်း(၅၀)အနက် လုပ်ငန်း (၄၀)၏ ရုံးချုပ်များမှာ နန်နင်းမြို့တွင်တည်ရှိပြီး စာရင်း၏ (၈၀)ရာခိုင်နှုန်းကျော်ပါဝင်နေပါသည်။ ၎င်းလုပ်ငန်းများ၏ လုပ်ငန်းလည်ပတ်သည့်ဝင်ငွေမှာ ယွမ်ငွေ (၆၅၅၉၀၈)ဘီလီယံရှိပြီး စုစုပေါင်းဝန်ဆောင်မှုလုပ်ငန်းများ လုပ်ငန်းလည်ပတ်သည့်ဝင်ငွေ၏ (၈၄.၈၇)ရာခိုင်နှုန်း ရှိနေကြောင်း တွေ့ရပါသည်။

**Source: Nanning Daily** (၂၇-၉-၂၀၂၀)

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ တရုတ် (နန်နင်း)**

## ဖိလစ်ပိုင်နိုင်ငံက ဂျပန်နိုင်ငံသို့ ရုံးပတီသီးများ ပိုမိုတင်ပို့ရန် စီစဉ်လျှက်ရှိ

ဂျပန်နိုင်ငံက ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်ကို ထိခိုက်စေသည့် ပြည်ပနိုင်ငံများနှင့် ခရီးသွားလာမှုပိတ်ပင် ကန့်သတ်မှုများကို တဖြည်းဖြည်းချင်း ဖြေလျှော့ခဲ့ပြီးနောက် ဖိလစ်ပိုင်နိုင်ငံ Luzon ဒေသမှ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူ ၃၀၀ ခန့်သည် ၎င်းတို့ စိုက်ပျိုးထားသည့် ရုံးပတီသီးများကို ဂျပန်နိုင်ငံသို့ တင်ပို့ရန်ပြင်ဆင်နေကြကြောင်း သိရပါသည်။

ဖိလစ်ပိုင်နိုင်ငံ၊ Tarlac ဒေသရှိ ကျေးရွာ ၁၄ ခုမှ စိုက်ပျိုးရေးသမားများသည် အမြတ်အစွန်းရရှိနိုင်သော ရုံးပတီသီးများကို နိုင်ငံမြောက်ပိုင်းရှိ မြို့တော်မနီလာသို့ ပို့ဆောင်ပေးခဲ့ကြောင်း ဖိလစ်ပိုင် စိုက်ပျိုးရေးဝန်ကြီးဌာနက ပြောကြားခဲ့ပါသည်။ စိုက်ပျိုးရေးသမား ၃၀၀ ခန့်က အဆိုပါ ရုံးပတီများကို စိုက်ပျိုးခဲ့ကြပြီး Jelfarm Fresh Produce Enterprise က ဂျပန်နိုင်ငံသို့ တင်ပို့ရန် ဦးဆောင်ခဲ့ခြင်းဖြစ်ပါသည်။

ဖိလစ်ပိုင်နိုင်ငံမှ ရုံးပတီသီးအကြီးအကျယ်တင်ပို့သည့် Jelfarm ကုမ္ပဏီသည် အရည်အသွေးမီသည့် ဟင်းသီးဟင်းရွက်များကို ၅ တန်အထိ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်ကာ နေ့စဉ် တင်ပို့ရန်နှင့် ရာသီချိန်တွင် တစ်ရက်လျှင် ၁၃ တန်မှ ၁၅ တန်အထိ တင်ပို့နိုင်ရန် ပြင်ဆင် ထားကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ အဆိုအရ သိရပါသည်။ အဆိုပါ Jelfarm ကုမ္ပဏီသည် ၎င်း၏ ရုံးပတီသီးစိုက်ခင်းများကို ဟက်တာထောင်ချီခန့်အထိ ချဲ့ထွင်ကာ ပြည်ပသို့ တင်ပို့ နိုင်ရန် ဖိလစ်ပိုင်အစိုးရ၏ အကူအညီဖြင့် ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

ပြီးခဲ့သည့် သီတင်းပတ်အကုန်က တင်ပို့သည့်ရုံးပတီသီးများသည် ဂျပန်နိုင်ငံရှိ ဟင်းသီးဟင်းရွက် လိုအပ်ချက်များပြားသည့် တိုကျို၊ အိုဆာကာ၊ ကိုဘေးနှင့်နာဂိုယာစသည့်ဒေသများသို့ ဦးတည်တင်ပို့မည်ဖြစ်ပါသည်။ အတွင်း၌ စေးကပ်သောအရည်များပါရှိသည့် ကျွတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များသည် ကျန်းမာရေးအတွက် များစွာ အကျိုးရှိသည်ဟု ယူဆသည့်အတွက် ရုံးပတီသီးသည် ဂျပန်နိုင်ငံတွင် များစွာခေတ်စားနေကြောင်း သိရပါသည်။

ကိုရိုနာကပ်ရောဂါပြန့်ပွားနေသော်လည်း ယခုကဲ့သို့ တင်ပို့နိုင်ခြင်းသည် ထူးခြားသည့်အောင်မြင်မှုတစ်ခုပင် ဖြစ်ပါကြောင်း၊ ဖိလစ်ပိုင်နှင့်ဂျပန်နိုင်ငံတို့အကြား နှစ်ဦးနှစ်ဖက်အကျိုးရှိသည့် “win-win arrangement” ကို ဆောင်ရွက် နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ရုံးပတီသီးစိုက်ပျိုးသူများအနေဖြင့် ဆန်စပါးစိုက်ပျိုးသည့် လယ်သမားများထက် ဝင်ငွေပိုမိုရရှိပါ ကြောင်း ဖိလစ်ပိုင်နိုင်ငံ၊ စိုက်ပိုးရေးဝန်ကြီးဌာနမှ အတွင်းဝန် William Dar က သတင်းစာရှင်းလင်းပွဲတွင်ပြောကြားခဲ့ပါသည်။

JelFarm မှပိုင်ရှင်တစ်ဦးဖြစ်သည့် Jeffrey Fernandez က ရုံးပတီစိုက်ပျိုးသူများကို ၇၅ ရက်အတွင်း တစ်ဟက်တာလျှင် ရုံးပတီသီး ၁ တန်ထွက်အောင် စိုက်ပျိုးကြရန် တိုက်တွန်းထားကြောင်း ဆိုပါသည်။ ၎င်းတို့အနေဖြင့် တစ်ဟက်တာ စိုက်ပျိုးထုတ်လုပ်မှုမှ ပီဆို ၈၀,၀၀၀ (အမေရိကန်ဒေါ်လာ ၁,၆၅၀ ခန့်) မှ ပီဆို ၁၂၀,၀၀၀ (အမေရိကန်ဒေါ်လာ ၂,၄၇၅ ခန့်) အထိ ရရှိနိုင်ကြောင်း၊ အထွက်နှုန်းများများ ထွက်ရှိပြီး စိုက်ပျိုးရေးသမားများ အတွက် ဝင်ငွေရမည့်နည်းလမ်းကောင်းတစ်ခုဖြစ်သည်ဟု ဆိုပါသည်။ ဖိလစ်ပိုင်နိုင်ငံသည် ဂျပန်နိုင်ငံသို့ ဆယ်စုနှစ်အတော်တော်ကြာကြာခန့်ကတည်းက ရုံးပတီသီးများ တင်ပို့ရောင်းချနေပြီး ပို့ကုန်တိုးမြှင့်တင်ပို့ခြင်းဖြင့် ရုံးပတီသီးစိုက်ပျိုးသူများ ပိုမိုဝင်ငွေရရှိရန် ကြိုးပမ်းနေ သည့် နိုင်ငံဖြစ်ပါသည်။

၁၉၉၇ ခုနှစ်တည်းက သွင်းကုန်တင်သွင်းမှု ဆောင်ရွက်ခဲ့သည့် ဂျပန်နိုင်ငံ၏ ရောင်းဝယ်ရေး ကုမ္ပဏီတစ်ခုဖြစ်သော Watari Co., က ဖိလစ်ပိုင်မှ ရုံးပတီသီးများကို အဓိကဝယ်ယူတင်သွင်းနေကြောင်း သိရပါသည်။ ဗိုက်တာမင်များ၊ သတ္တုဓာတ်ဆားများနှင့် အမျှင်ဓာတ်များစွာ ကြွယ်ဝသည့်ရုံးပတီသီးသည် အာရှနိုင်ငံအတော်များများတွင် များစွာ ခေတ်စားသည့် သီးနှံတစ်မျိုးဖြစ်ပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဂျပန်**

## STOCK EXCHANGE (14.10.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 14th Oct. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +100 | +1.01% | 9,900 | 10,000 | 9,900 | 115 | 1,139,000 | 27,112,747 | 271,127 |
| MTSH | 00002 | 3,700 | +0 | +0.00% | 3,650 | 3,700 | 3,650 | 498 | 1,825,100 | 38,929,150 | 144,038 |
| MCB | 00003 | 8,000 | -100 | -1.23% | 8,000 | 8,000 | 8,000 | 28 | 224,000 | 10,400,986 | 83,208 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 52 | 1,144,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 54 | 148,500 | 12,823,224 | 35,264 |
| EFR | 00006 | 3,050 | -50 | -1.61% | 3,050 | 3,050 | 3,050 | 226 | 689,300 | 19,977,223 | 60,931 |

## Market summary

As of 14th Oct. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 436.14 | +0.46 | +0.11% | 433.68 | 436.14 | 433.68 | 973 | 5,169,900 | 6 | 648,953 |

### Index chart




Activate Wi
Go to Settings t

# Market Overview

As of 1:00 pm, 14th Oct. 2020

| MYANPIX | 436.14 ▲ 0.46 |
|---|---|
| Total Volume (shares) | 973 |
| Total Value (MMK) | 5 mil |
| Listed Company | 6 |
| Market Cap. (MMK) | 648,953 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲ 100 |
| MTSH | 00002 | 3,700 | ▲ 0 |
| MCB | 00003 | 8,000 | ▼ 100 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 3,050 | ▼ 50 |